# ချစ်ခြင်းပြိုင်ဘယ်သူနိုင်

လိုင်းကြာဖြူ (လားရှိုး)



အချစ်လုံးချင်းဝတ္ထုသစ်

# အခန်း(၁)

အချစ်ဆိုတာ ဘယ်ကစသလဲ ... ?

" သမီးလေး ... ထ ,ထ ခြောက်နာရီတောင် ရှိနေပြီ၊ ဒီနေ့ကျူရှင်ရှိသေးတယ် မဟုတ်လား။ နောက်ကျနေလို့ ပြောခံ ရရင် မကောင်းဘူးနော်"

မေမေက ပါးစပ်တင်မက ' ပျိုးလက်ဘ' ၏ ပခုံးကိုပါ လှုပ်ခတ်၍ နှိုးလေသည် ။ မနေ့ညက စာကျက်တာ အာရုံရောက်သွားသဖြင့် ညအတော်နက်မှ အိပ်ရသဖြင့် ခေါင်းထဲ၌ ရိပ်တိတ်တိတ် ဖြစ်နေလေသည် ။

သို့ပါသော်လည်း ... နောက်ဆက်တွဲစကားဖြစ်သည့်ပြောခံရလျှင် မကောင်းဘူးဆိုသည့် မေမေ့ရဲ့ ခေါင်းမြီးခြုံထားရာမှ စောင်ကို ဆွဲခွာလိုက်သည် ။

"အီး ... အေးလိုက်တာ"

ရှမ်းပြည်၏ အချမ်းဓာတ်က သူမကို ကလူကျီစယ်သွားလေသည် ။ ခပ်ဝေးဝေးဆီမှ အုတ်ရိုက်နေသံများကို ရင်နှီးစွာ ကြားနေရသည် ။

"မီးလေးရေ ... ပျိုး"

"ထပြီ မေကြီးရေ ... ထပြီ"

တကယ်လို့ ဘာကိစ္စမှ မရှိဘဲ မေမေ့သဘောနှင့် နှိုးလျှင်တော့ ပျိုး

က ဟိုဟိုဒီဒီလုပ်နေမှာ မှန်းပေမယ့် တည်တင်းလှသော အထူးသဖြင့် သူမနှင့် ပတ်သက်လျှင်ပေါ့။ ထိုလူရဲ့ ငြိုငြင်မှု အကြည့်စူးစူးကိုတော့ သူမ မည်သည့်နည်းနှင့်မျှ မခံနိုင်ချေ။

မေမေက ရေနွေးနှင့်ရေအေး စပ်ပေးထားသဖြင့် ခြေလက်မျက်နှာကို လျှင်မြန်စွာ သစ် ဆေးကြောပြီး အဝတ်အစား ခပ်မြန်မြန်လဲကာ လိုအပ်သောစာအုပ်များကို ပွေ့ပိုက်၍ အောက်ဘက်သို့ပြေးဆင်းလာခဲ့သည် ။

"မီးလေး ... စားပြီးမှ သွားလေ"

"နောက်ကျတော့မယ် မေကြီး၊ ပြန်လာမှ ပဲ စားတော့မယ်။ ဖေကြီး ... မီး သွားပြီနော်"

ခြံထဲ၌ သစ်ရွက်ခြောက်အမှိုက်များ လှည်းနေသည့် ...ဖေကြီးကိုပါ တစ်ဆက်တည်း နှုတ်ဆက်ပြီး စက်ဘီးလေးပေါ်တက်၍ လျှင်မြန်စွာ နင်းလေသည် ။

ခြံနှစ်ခြံကပ်လျှက် ဆိုသော်လည်း သူမတို့ ခြံတွေက အိမ်ခြံမြေသက်သက်မဟုတ်ဘဲ ဧကများ စွာ ကျယ်သည့်စိုက်ခင်းခြံ ထဲမှာ မို့ ခြံနှစ်ခြံက အတော်လှမ်းပါသည် ။

ထို့ပြင် သူမတို့ ခြံက အနိမ့်ပိုင်းဘက်တွင် ရှိပြီး ‘ကိုလေး’ တို့ ခြံကတော့ တောင်ကုန်းဆင်ခြေလျှောမှာ တည်ရှိသဖြင့် အဆင်းတွင် စက်ဘီးကို အသာလေး လိမ့်ဆင်း၍ ရသော်လည်း အတက်တွင် မူ ‘တဟိုက်ဟိုက်’ အသံမြည်အောင် တက်ရသဖြင့် သူမကတော့ ကိုလေးတို့ အိမ်ကို ‘ရွှေရင်စို့တောင်’ ဟု နာမည်ပေးလိုက်မိသေးသည် ။

စိမ်းညို့သော တောင်တန်းကြီးကို နှင်းမှုံတွေက ဝေ့ဝိုက်ထားသဖြင့်

ကောင်းကင်ပေါ်က တောင်တန်းများများ ဖြစ်နေလေသည် ။ လေတဖြူးဖြူး တိုက်ခတ်နေသဖြင့် ဦးထုပ်ကို နားရွက်ဖုံးသည့်အထိ ဆွဲမိသည် ။

"ကလင် ... ကလင်"

"ဦးကြီး ... ပျိုးအတွက် ပန်းနုးထားပေးနော်"

တစ်ဖက်ခြံထဲသို့ရောက်တော့ စက်ဘီးဘဲလ်ကို တီးကာ ပန်းပင်များ ရေလောင်းနေသော ဦးကြီးကို နှုတ်ခွန်းဆက်ရင်းပြောလိုက်မိတော့ ...

"စိတ်ချပါဗျာ"

ထုံးစံအတိုင်းလိုဖြစ်နေသော 'ပျိုး' ရဲ့ စကားကို ဦးကြီးက အပြုံးနှင့် တုံ့ပြန်လေသည် ။

ကျွန်းများ ခပ်များများ သုံးထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှေ့ ၌ စက်ဘီးကို ဒေါက်ထောက်ရပ်ပြီး စာအုပ်များကို ယူ၍ အိမ်ထဲ ဖိနပ်ချွတ်ကာ ဝင်လိုက်သည် ။

ဧည့်ခန်းထဲ၌ ချာညိုပန်းရနံ့ကို မွှေးပျံ့စွာ ရရှိလိုက်သည် ။

"ဟယ် ... ပျိုး မြန်မြန်လာ၊ ငါတောင် သချ်ာတစ်ပုဒ်ပြပြီးပြီ။"

"ဟင် ... ဟုတ်လား"

အပေါ်ထပ်မှ ဆင်းလာသော 'နွေဦးမောင်' ရဲ့ စကားကြောင့် ပျိုး စိုးရိမ်ထိတ်လန့်သွားသည် ။ ဘုရားရေ ... ပျိုးတော့ ဆူခံထိဦးမှာ ပါလား။

အိုး ... ပျိုး အဆူခံရသည့်နေ့တွေက မရှိသလောက်ပါပဲလေ။

အပေါ်ထပ် စာကြည့်ခန်းတံခါးဝ၌ ရပ်တန့်ကာ ...

"ကိုလေး ... ဝင်ခွင့်ပြုပါ"

White board ပေါ်၌ သင်္ချာပုဒ်စာ၏ မေးခွန်းများ ရေးနေသော 'ကိုလေး ဆောင်းဦးမောင်' က ပျိုးကို ခပ်စူးစူး လှည့်ကြည့်လိုက်သဖြင့် ပျိုး လျှင်မြန်စွာ ခေါင်းငုံ့လိုက်ပြီး ခြေတစ်လှမ်းတောင် အလိုလိုနောက်ဆုတ်သွားသည် ။

"ဝင်လေ ... ဘာရပ်လုပ်နေတာလဲ"

ပိုးမှ လွဲ၍ အခြားသူများ အပေါ်၌ ချိုသာသာ လေသံ ဖြင့်အစဉ်ပြောတတ်သော ကိုလေးရဲ့ လေသံသည် ပျိုးအတွက်တော့ ဘယ်တော့မှ အထာမကျနိုင်ချေ။

ပျိုး မျက်လွှာချပြီး စာသင်ခန်းထဲဝင်ကာ ထိုင်ခုံမှာ ထိုင်လိုက်သည် ။ နွေဦး ရောက်မလာသေးချေ။ ပျိုး စာကူးဖို့ စာအုပ် လှန်နေချိန်

"ညည်း ... ဘယ်လောက် နောက်ကျနေပြီလဲ ပျိုးလက်ာ"

ပျိုး ကိုလေးကို ပြူးကျယ်သော မျက်လုံးတွေနှင့် မော့ကြည့်ရင်း ပြန်ဖြေသံက ထစ်ငေါ့စွာ ထွက်ပေါ်လာသည် ။

"ဟို ... နာ ... နာရီဝက်ပါ ကိုလေး"

"ငါတောင် ဒီစာသင်ခန်းထဲ(၆)နာရီကွက်တိ ရောက်လာရင် မင်းတို့လည်း ခြောက်နာရီ ရောက်နေရမှာ မဟုတ်လား။ စာသင်မယ့်သူက မင်းတို့ ကို စောင့်နေရမှာ လား။ မင်းတို့ က ငါ့ကို စောင့်နေရမှာ လား။ သင်တဲ့ ဆရာ မဟုတ်ဘူး ဆိုပြီး မင်းတို့ ပေါ့ပေါ့လေး လုပ်ချင်တာလား"

မေးခွန်းများ စွာကို အသံတိတ်နားထောင်ရင်း ဘာစကားမှ ထွက်ခွင့်မရချေ။

ကိုလေးထက် ကြီးသော 'ကိုကြီးမင်းသက်မောင်' ကိုတောင် ဒီလော

က်မကြောက်ရဘဲ ကိုလေးကိုကျမှ ပျိုး အသက်ထွက်မတတ်ကြောက်သ
ည် ။

"ကဲ ... ကူး၊ ပြီးရင် ရှင်းမယ်၊ မနေ့က အိမ်စာတွက်ခိုင်းထားတဲ့ သင်္ချာတွေပြ"

မနေ့ညက တွက်ထားသည့် သင်္ချာစာအုပ်ကိုပေးပြီး White board ပေါ်တွင် ရေးထားသည့် သင်္ချာပုဒ်စာများကို ခပ်သွက်သွက် ကူးနေချိန် ...

"တောက်"

တောက်ခေါက်သံကြောင့် ပျိုး မော့ကြည့်တော့ ကိုလေး၏ မျက်နှာသည် ဒေါသအတော်ကြီးထွက်နေပုံရသည် ။

"ပျိုးလင်္ကာ ... ဒါ ဘာလဲ"

တင်းမာခက်ထန်သောလေသံကြောင့် ပျိုး ကိုလေး ပြရာဆီသို့ကြည့်ရင်း လက်ထဲတွင် ကိုင်ထားသော ဘောပင်လ်က ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားလေသည် ။

"မနက်ဖြန် သဘက်ခါဆိုပဲ စာမေးပွဲ ဖြေတော့မယ်၊ ဒါတွေလုပ်ဖို့ မင်းမှာ အချိန်တွေ ရှိနေသလား"

" မဟုတ်ဘူး ကိုလေး"

"ငြင်းစမ်း ... မင်းက ပြောင်ငြင်းတတ်တာပဲ"

မနေ့ညက သင်္ချာတွက်ရင်း အိပ်ငိုက်နေသဖြင့် အာရုံပြောင်းလိုပြောင်းငြား၊ သင်္ချာစာအုပ်နောက်ဘက်၌ ပုံတွေဆွဲခဲ့မိသည် ။ ကိုယ်စိတ်ဝင်စားသော အရာကိုလုပ်ခွင့်ရသဖြင့် မျက်လုံးကျယ်လာသည် ။ ထိုအခါမှ

စာကိုဆက်တွက်ခြင်းဖြစ်သည် ။

"မင်း တော်တော်အမှတ်သည်းခြေမရှိဘူးနော်၊ မနှစ်ကလည်း ဒါကြောင့် စာမေးပွဲကျခဲ့ပြီးပြီ၊ မင်း ဒီလို အရည်မရ အဖတ်မရတဲ့ ဟာတွေ လုပ်နေမယ်ဆိုရင် ဒီတစ်သက် ဆယ်တန်းစာမေးပွဲ ဘယ်တော့မှ အောင်မှာ မဟုတ်ဘူး "

"ဖြီး ... ဖြီး"

"ကိုလေး ... မလုပ်ပါနဲ့ "

ပျိုးရဲ့ တားမြစ်သံလေးမှာ အဆုံးသတ်ခွင့် မရလိုက်ပါချေ။ ကြမ်းပြင်ပေါ်သို့ တလွင့်လွင့်ကျနေသည့် စာရွက်အပိုင်းအစလေးများကို လိုက်ငေးရင်း ပျိုး မျက်ရည်တွေ အတားအဆီးမရှိ၊ ထိန်းကွပ်၍ မရတော့ဘဲ အပြိုင်အဆိုင် ကျလာသည် ။

ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်၊ ကလေးစိတ်မကုန်သေးသူမို့ ပျိုး ဝမ်းနည်းစိတ်ကို ထိန်းချုပ်၍ မရဘဲ ရှိုက်ကာရှိုက်ကာ ငိုမိတော့သည် ။

"သား ... ဘာဖြစ်တာလဲ၊ ပျိုးလေး သမီး ဘာလို့ ငိုတာလဲ"

ငိုသံတွေ အော်သံတွေ ကြားရသဖြင့် 'ဒေါ်မေသက်တင်' အပေါ်ထပ်သို့ အပြေးလေးတက်၍ စာကြည့်ခန်းထဲသို့ ဝင်လိုက်တော့ မြင်ကွင်းက စိတ်မသက်မသာရာ တွေ့လိုက်ရသည် ။

"သား ... ဘယ်လဲ"

ပျိုးမျက်ရည်သုတ်ပြီး မော့ကြည့်မိတော့ ကိုလေးက ဒေါသတကြီးနှင့် အခန်းထဲမှ ထွက်သွားဖို့ ပြင်နေလေသည် ။

"ကိုလေး ... ပျိုး တောင်းပန်ပါတယ်၊ နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး၊ ပျိုး တောင်းပန်ပါတယ်"

"မင်း ပြန်တော့ ပျိုးလက်ာ ငါ မင်းကို စာဆက်မသင်နိုင်တော့ဘူး"

"သား ဘယ်လိုပြောလိုက်တာလဲ၊ ယောက်ျားဆိုတာ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို အစကအဆုံး တာဝန်ယူရမှာ ၊ သိပ်မကြာခင် စာမေးပွဲကဖြေတော့မှာ ဘယ်လိုစကား ပြောလိုက်တာလဲ"

ဆောင်းဦးမောင်က ခပ်မဲ့မဲ့ပြုံးကာ ပျိုးလက်ာကို တစ်လှည့် နောက်ကြမ်းပြင်ပေါ်၌ ကျနေသောစက္ကူများကိုတစ်လှည့်ကြည့်ကာ

"သူတောင် စာမေးပွဲရှိတာသိရက်နဲ့ စာနဲ့ မပတ်သက်တဲ့ အရည်မရ၊ အဖတ်မရတာတွေ လုပ်နိုင်သေးတာ၊ သားဘက်က တာဝန်ကျေပါတယ် မေမေရယ်၊ စာမေးပွဲက ဒီနေ့ဆို ဒီနေ့ ဖြေနိုင်တဲ့ အခြေအနေထိရောက်အောင် သားဘက်က သင်ပေးခဲ့ပြီးပြီ"

"သား"

မေမေရဲ့ ခေါ်သံကို ကျောခိုင်း၍ စာကြည့်ခန်းထဲမှ သူ ထွက်ခဲ့လိုက်တော့သည် ။

***

## အခန်း(၂)

ကားကို အထက (၁) ကျောင်းရှေ့၌ ရပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည် ။ လက်ထဲတွင် ပတ်ထားသောနာရီကို တစ်ချက်ငုံ့ကြည့်မိသည် ။ (၁၂)နာရီထိုးဖို့ မိနစ်(၂၀) လိုသေးသည် ။

ဒီနေ့က ဘိုင်အိုသမားများ အတွက် စာမေးပွဲနောက်ဆုံးနေ့ဖြစ်လေသည် ။ မိနစ်များ သည် တဖြည်းဖြည်း တိုက်စားခံနေရကာ (၁၂)နာရီတိတိတွင် အချိန်စေ့ ခေါင်းလောင်းထိုးသံကို ကြားရလေသည် ။

ကျောင်းသူကျောင်းသားများ အလျှိုလျှိုထွက်လာသဖြင့် သူကားထဲတွင် ဝင်ထိုင်၍ စောင့်နေလိုက်သည် ။ သို့သော် ကျောင်းသူ၊ ကျောင်းသားများ တဖွဲဖွဲထွက်လာသော်လည်း နွေဦးတို့ ရောက်မလာသေးချေ။

သူကားထဲမှ ထွက်လာ ကျောင်းထဲသို့ လှမ်းမျှော်ကြည့်မိတော့ ...

"ဟင်"

ကျောင်းသူ၊ ကျောင်းသားများ စုစုနှင့် ဘာဖြစ်နေပါလိမ့်။ ဘယ်သူ ဘာဖြစ်သလဲ စူးစမ်းသည့်စိတ်ဖြင့် သူ ကျောင်းထဲသို့ ဝင်ကာ လူအုပ်အနီးသို့ တိုးဝင်သွားခဲ့သည် ။

"ကျောင်းသူတစ်ဦး မူးလဲလို့ "

"ဟင် ... ပျိုးလက်ာ"

သူ့နှုတ်မှ စကားသံထွက်ပေါ်သွားလေသည် ။ ပျိုလက်ကာကို ပွေ့ထားသည့် ညီမလေး နွေဦးက သူ့ကိုမြင်သွားတော့ ...

"ကိုလေး ပျိုး မူးလဲလို့ "

သူ ပျိုးလက်ကာကို ပွေ့ချီလိုက်တော့ လူအုပ်ကြီးက ရှဲခနဲဖြစ်သွားသည် ။ ညီမလေးက ပျိုးလက်ကာ၏ စာအုပ်တွေနှင့် လွယ်အိတ်ကိုယူ၍ သူ့နောက်မှ အပြေးတစ်ပိုင်း လိုက်ခဲ့လေသည် ။

ကားကို အိမ်ဘက်သို့ပဲ မောင်းလိုက်သည် ။ ဒီနေ့ ကိုကြီးအော့စ်မို့ ဖြစ်သည် ။

"သူ ဘယ်ကတည်းက မူးလဲတာလဲ စာမေးပွဲဖြေရင်းနဲ့ လား"

"ဟင့်အင်း ... အချိန်စေ့ခေါင်းလောင်းထိုးပြီး အတန်းထဲက ထွက်လာတဲ့ အချိန်ပါ"

သူမတို့ အိမ်ဘက် မဝင်တော့ဘဲ သူတို့ အိမ်ဘက်သို့သာ ကားကို မောင်းလိုက်သည် ။

"မေမေ ... ကိုကြီးကိုခေါ်ပေးပါဦး ဒီမှာ ပျိုး မူးလဲလို့ "

သူပဲ စီစဉ်လိုက်ကာ သူမကို နွေဦး၏ အခန်းထဲ ခုတင်ထက်၌ ချပေးလိုက်သည် ။ ကိုကြီးက အိပ်ရာမှ ထလာသည့်ပုံစံဖြစ်သည် ။ ပျိုးလက်ကာကိုမြင်တော့ ...

"ဟော ... ဘယ်လိုဖြစ်တာလဲ"

ချက်ချင်း Pressure တိုင်း နှလုံးခုန်သံ နားထောင်ပြီးမှ

"သွေးအားနည်းပြီး ရှော့ဖြစ်သွားတာပါ။ ဘာမှ သိပ်စိတ်ပူစရာမရှိပါဘူး။ စာတွေ ညနက်အောင် ကြည့်ပုံရတယ်၊ တော်

သေးတယ် ... စာမေးပွဲကို အထိအခိုက်မရှိ ဖြေနိုင်သွားလို့ "

သိပ်မကြာခင် ပျိုးလက်ာ သတိရ လာလေသည် ။

"ဟော ... ညီမလေး နေလို့ ကောင်းရဲ့ လား ခေါင်းတွေကော ကိုက်နေသေးလား"

ကိုကြီးက နူးညံ့သောလေသံဖြင့် ညင်သာစွာ မေးလေသည် ။ ပျိုး ကိုကြီးကို ခေါင်းအသာညိတ်ပြရင်း ကိုကြီးနောက်၌ ရှိနေသည့် ကိုလေး ကိုတစ်ချက်ကြည့်၍ မျက်လွှာချကာ ...

"ပျိုး သက်သာပါတယ် ကိုကြီး"

"သက်သာလည်း ခဏတော့ လှဲနေ စားသောက်ပြီးမှ ပြန်"

ကိုလေးထံမှ တားမြစ်သံသည် မာဆတ်ဆတ်ဖြင့် ထွက်ပေါ်လာသည် ။ ပြီးတော့ ကိုလေး အခန်းထဲမှ ထွက်သွားလေသည် ။

"နားနေဦးနော် ညီမလေး"

ပျိုးမျက်လုံး အသာမှိတ်ကာ မိန်းနေမိသည် ။

ပျိုးရဲ့ မိဘများ နှင့် ကိုလေးတို့ ၏ မိဘများမှာ ငယ်သူငယ်ချင်းများဖြစ်ကြသည် ။ နွေဦးနှင့်ပျိုးက ရွယ်တူဖြစ်ပြီး ကိုလေးက ပျိုးထက်ငါးနှစ်ကြီးပြီး ကိုကြီးက ဆယ်နှစ်ကြီးသည် ။

ကိုကြီးက ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး ကိုလေးကတော့ စကားနည်းပြီး တည်တည်တင်းတင်း နေတတ်လေသည် ။ မောင်နှမတွေနှင့်လည်း သိပ်ရင်းရင်းနှီးနှီး ရောရောနှောနှောမနေချေ။ အခုလည်း ပျိုးနှင့်နွေဦးကို စာသင်နေပေမယ့် ဖော်ဖော်ရွေရွေ မရှိလှပါ။

ထိုသို့တည်တင်းပါသော်လည်း ကိုလေးက ရည်စားတော့များ သည်

ရှပ်အင်္ကျီလက်ရှည် လက်တိုတွေ စတိုင်ဘောင်းဘီတွေနှင့် ကိုလေးက စမတ်ကျအောင် ဝတ်တတ်ပြီး ကြည့်လိုက်လျှင် အမြဲတမ်း ရှင်းသန့်နေသည် ။

ကိုလေးက သူ၏ ဥပဓိရုပ်နှင့်ဝတ်စားဆင်ယင်မှုအတွက် အမြဲတမ်း ဂုဏ်ယူလှသည် ။ သူ့ကိုယ်သူလည်း ယုံကြည်မှုရှိကာ သူများ တကာကိုလည်း တော်ရုံအထင်မကြီးတတ်ချေ။

"ယောင်း နေလို့ ကောင်းရဲ့ လား"

"နွေဦးနော် ဦးဒေါသ ကြားသွားရင် ဆူဦးမယ်"

"မကြားအောင် ခေါ်တာပါ ယောင်းရယ် လာ ... ထမင်းစားရအောင် "

"ဟင့်အင်း ပြန်ချင်ပြီ မေမေတို့ ဒီဘက်ရောက်နေတာ သိချင်မှ သိမှ စိတ်ပူနေလိမ့်မယ်"

"အမယ်လေး ၊ တကတဲ နင် ဒီအိမ်ကလွဲရင် ဘယ်မှ မသွားတတ်တာ အန်တီ သိပါတယ် ထ ... ထ"

နွေဦးက အိပ်ရာပေါ်မှာ အတင်းဆွဲထူနေလေသည် ။

"နွေဦးရေ ... ခဏလာဦးဟေ့"

အောက်ဘက်မှ ခေါ်သံကြောင့် ...

"နင် ... ဆင်းလာခဲ့နော်"

"အင်းပါ"

နွေဦးက အခန်းထဲမှ ပြေး၍ ထွက်သွားလေသည် ။ ပျိုးလည်း အခန်းထဲမှ ထွက် လာပြီး အောက်ထပ်သို့ ဆင်းလာတော့ ကိုလေးက ဖုန်းပြော

နေသည် ။

"စားပြီး ထွက်လာမယ်"

"..."

"Point မှာ မဟုတ်လား၊ လာမယ်လေ"

ကိုလေးကတော့ ... ဘယ်တော့မှ အိမ်တွင် တစ်နာရီပြည့်အောင် နေချင်သူမဟုတ်ပေ။

ထမင်းစားခန်းထဲသို့ရောက်တော့ ကိုလေးလည်း နောက်မှ ဝင်လာသည် ။ အန်တီနှင့်ဒေါ်ကြီးက ထမင်းဝိုင်း ပြင်နေလေသည် ။

ကိုကြီးကတော့ ပြန်၍ အိပ်နေပုံရသည် ။ ကိုကြီးက လားရှိုးပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်ဖြစ်ပြီး မနေ့ညက နိုက်ဂျူတီကျသဖြင့် ပင်ပန်းသွားခြင်းဖြစ်မည်။ ကိုလေးကတော့ BEနှင့် ဘွဲ့ရထားသော်လည်း အလုပ်မဝင်သေး။ ဘာလုပ်ဖို့ ရည်ရွယ်တာမှန်တော့မသိ။

နွေဦးနှင့်ပျိုးကသာ စာမေးပွဲတစ်နှစ်ကျလိုက်ကြသေးသည် ။ ပြောခံဆိုခံထိလွန်းသော ကာလများ ဖြစ်သည် ။ ထို့ကြောင့် ဒီနှစ်တွေတွင် ဘယ်ကျူရှင်မှ မအပ်တော့ဘဲ ကြောက်ရသည့် ကိုလေးထံတွင် သာသင်ကြားစေလေသည် ။

"စားမေးပွဲ ဖြေနိုင်တယ်မဟုတ်လား ပျိုးလေး"

"ဖြေတော့ဖြေထားတာပဲ အန်တီရယ် ပျိုးကတော့ အရမ်းကြီးလည်း မျှော်လင့်မထားရဲဘူး ကြောက်တယ်"

"ဒီလိုပြောပုံနဲ့ ဆိုရင် စာမေးပွဲတော့ အောင်ဦးမှာ ပဲ"

"ဟဲ့သား ... ဘယ်လိုပြောလိုက်တာလဲ၊ ပျိုးကလည်း သားညီမလေး

ပဲ မဟုတ်လား။ ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့ ကွယ်"

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မရှိမှ တော့ ဘာလုပ်မှာ လဲ မေမေ ရာ ပျိုးလက်ကိုမှ ပြောတာ မဟုတ်ဘူး ၊ နွေဦးလည်း အတူတူပဲ၊ မိန်း ကလေးတွေဖြစ်ပြီး ကြိုးစားချင်စိတ် နည်းနည်းလေးမှ မရှိဘူး ၊ တစ်နှစ် ဆိုတဲ့ နစ်နာမှုကိုမနှမြောဘူး၊ တလွဲရည်မှန်းချက်ကတော့ ကြီးပဲ့၊ ဘာ တဲ့ ပန်းချီဆရာမ,ဖြစ်ချင်တဲ့ သူနဲ့ ခေတ်ပေါ်အက ကချင်တဲ့ သူနဲ့ ၊ ဒီလို ရည်ရွယ်ချက်မျိုးနဲ့ ဆိုရင် တောင်းစားရမှာ မြင်ယောင်သေး"

"သားနော် စကားကို ကြမ်းကြမ်းတမ်းတမ်း မပြောရဘူးလို့ ပြော ထားတယ် မဟုတ်လား၊ ရည်မှန်းချက်မရှိသူတွေနဲ့ စာရင် ရည်မှန်းချက် ရှိသူတွေက တပန်းသာပြီးသားပဲ မဟုတ်လား၊ အခုခေတ်မှာ ဆို ပိုဆိုးပြီး ရည်မှန်းချက်ကိုကြည့်ပြီး သတ်မှတ်လို့ မရတော့ဘူး၊ တချို့ဆို စာရေးတယ်၊ သီချင်းဆိုတယ်၊ အစိုးရ ဝန်ထမ်းလုပ်တယ် ဘယ်သူမှ လ မ်းကြောင်းတစ်ခုပေါ်မှာ မလျှောက်တော့ဘူး၊ လမ်းကြောင်းနှစ်ခု၊ သုံးခု တော့ အနည်းဆုံး လျှောက်ကြတာပဲ"

"မေမေကတော့ ပျိုးလက်တို့ ကို ထိရင် နည်းနည်းလေးမှ မရပါ လား"

"ဩော် သားရယ်... မြကတောင် သားတို့ သားကြီးတို့ အပေါ်မှာ သားအရင်းလိုပဲ သဘောထားတာ မဟုတ်လား၊ ပျိုးကလည်း မေမေ့တို့ သမီးလိုပါပဲ ပျိုးမှာ သားတို့လို ခင်တွယ်စရာ မောင်နှမလည်း ရှိတာ မ ဟုတ်ဘူး ၊ ရင်းရင်းနှီးနှီးနေမှ ပေ့ါ ၊ ကလေးတွေနဲ့ ဆိုရင် မင်းမျက်နှာ က မင်းလုပ်စာ စားနေရသလိုပဲ ၊ ဟိုမိန်းကလေးတွေနဲ့ ဆိုရင်တော့ ... ဟင်း ... မပြောလိုက်ချင်ဘူး"

"မေမေကလဲ"

ပျိုးနှင့်နွေဦးကတော့ နားထောင်သမားသက်သက်သာဖြစ်ပြီး နှစ်ယောက်ရှိခါမှ သာ တွက်ထိုးတတ်ကြသူများ ဖြစ်သည် ။ ကိုလေးက စားသောက်ပြီး စားပွဲမှ ထကာ ...

"ဟိုကောင်မလေး ... ညည်းအိမ်ကို ဝင်ပို့ပေးခဲ့မယ် မြန်မြန်စား"

***

# အခန်း(၃)

အချစ်ဆိုတာ … တားမြစ်ချုပ်ချယ်လို့ မရ။

ပျိုးသည် စာမေးပွဲများ ပြီးသွား စာအုပ်အားလုံးကို ဖုန်ခါကာ သိမ်းနေမိသည် ။ ထိုင်နေရာမှ စားပွဲခုံပေါ်ရှိ စာအုပ်များကို ဆွဲချလိုက်စဉ် စာအုပ်က များ သဖြင့် မနိုင်ဘဲ ပြိုကျသွားလေသည် ။

"ကျွတ်"

စာအုပ်များကို ပြန်ကောက်လိုက်တော့ …

"ဟင် … ဓာတ်ပုံတစ်ပုံပါလား"

ကြမ်းပြင်ပေါ်မှ ပြုတ်ကျနေသည့် ဓာတ်ပုံကို ကောက်ယူကြည့်လိုက်တော့ ကိုလေးရဲ့ ဓာတ်ပုံ ဖြစ်နေလေသည် ။ နွေးဦး၏ မှတ်စုစာအုပ်ထဲမှ ထွက်လာခြင်းဖြစ်သည် ။

ပျိုးသည် တစ်ခါမှ ကိုလေး၏ အပြုံးကို စေ့စေ့မကြည့် ရဲခဲ့ချေ။ အခုတော့ ကိုလေးက ပျိုးကို ရင်းနှီးစွာ ပြုံးပြနေပါလား။ ခက်ထန်ခြင်း၊ တင်းမာခြင်း၊ တစ်စုံတစ်ရာမှ ရှိမနေဘဲ ပြုံးနေသည့် အပြုံးက ဖြူစင်လွန်းလှသည် ။ ပျိုးရင်ထဲ လှုပ်ခတ်သွားလေသည် ။

ပျိုးကို ဆယ်ကျော်သက် သစ်ရွက်လှုပ်တိုင်း ရယ်တတ်တဲ့ အရွယ်ဆိုပြီး ပေါ့ပေါ့လေးပဲ ထင်တတ်ကြတယ် မဟုတ်လား။ ပျိုး …

ပျိုးလေး။

ပျိုး ဆက်မတွေးရဲတော့ဘဲ ကိုလေးရဲ့ ဓာတ်ပုံကို ရင်ခွင်၌ အပ်ထား ရင်း ပျိုးရင်ထဲသို့ ကိုလေး စတင်ဝင်ရောက်လာသောနေ့လေးကို အမှတ် ရစွာ။

"ပျိုးရေ ... မြန်မြန်လာဟေ့"

နွေဦး၏ အလောတကောခေါ်သံကြောင့် ပျိုး ကြိုးခုန်နေရာမှ ကြိုး ကိုပစ်ချပြီး နွေဦးနောက်သို့ အပြေးလေးလိုက် လာပြီး

"ဘာဖြစ်လို့ လဲ နွေဦး"

နွေဦးက ဘာမှ မပြောသေးဘဲ ခပ်လှမ်းလှမ်း ပြောင်းဖူးခင်းအစပ်ရှိ သစ်ပင်အောက်တွင် ဝင်ထိုင်ချပြီး ...

"အဟဲ ... ဘာမှ မဟုတ်ဘူး "

"အစုတ်ပလုတ် ... ငါ ကစားနေတာကို မနာလိုလို့ ပေါ့လေ"

ပျိုးမှာ တော့ ဘာများ ဖြစ်သလဲဆိုပြီး စိတ်ထဲ စိုးထိတ်သွားရကာ ... အခုတော့။

"လာပါ ... နင် ဒီမှာ စောင့်ဦး ငါ ကန်စွန်းဥပြုတ်သွားယူခဲ့မယ် စောင့်နေနော်"

နွေဦးက ချော့မော့သည့်သဘောနှင့် အိမ်ဘက်ဆီသို့ ပြေးထွက်သွား လေသည် ။ အရွယ်က (၁၅)နှစ် (၁၆)နှစ်အရွယ် ကိုးတန်းကျောင်းသူ တွေ ဖြစ်သည် ။ စာမေးပွဲဖြေထားသဖြင့် လွတ်လပ်ရေးရနေသည် ။

"ဟူး ... ပူလိုက်တာ"

ရှမ်းပြည်၏ ရာသီဥတုက ချမ်းလျှင် အရိုးကွဲမတတ် ချမ်းပြီး ပူလျှင်

ဖော်မပြနိုင်လောက်အောင် ပူသည်။

ပျိုး ခေါင်းပေါ်၌ ဆောင်းထားသည့် ဂျုံခမောက်လေးနှင့် ယပ်ခတ်ရင်း သဖန်းပင်အောက်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူမတို့ နေထိုင်သော အိမ်သည် လားရှိုးမြို့နှင့် အတော်လှမ်းသည်။ ဒီဘက်၌ အိမ်ခြေနည်းပါးလှပြီး ခြံစိုက်သူများ သာ နေထိုင်ကြသည်။ သူမမိဘတွေကော၊ ကိုလေးတို့ မိဘများ ပါ ခြံမြေများ အမြောက်အမြား ပိုင်ဆိုင်ကြပြီး စပါး၊ ပြောင်း၊ နှမ်း အစရှိသည် တို့ ကို လူငှားများ စွာနှင့် လုပ်ကိုင်ကြသည်။ နောက် 'နော်မွန်' ဘက်၌ လိမ္မော်ခြံ လိုင်ချီးခြံများ ရှိသေးသည်။

စိုက်ပျိုးရေးကို ငြိမ်ချမ်းစွာ လုပ်ကိုင်နေကြသော်လည်း ခေတ်ပညာတတ်သူများ ဖြစ်သည်။

သီးသန့်နယ်မြေတစ်ခုလိုဖြစ်နေသဖြင့် နွေဦးတို့ မောင်နှမအပေါ် အရမ်းခင်တွယ်မိသည်။ တစ်ခါတစ်ရံ သူမတစ်ဦးတည်းကို မွေးထားသဖြင့် ဖေကြီးနှင့်မေကြီးတို့ ကို မကြာခဏ ဂျီကျတတ်သည်။

"ဟင် ... ဟိုဘက်က တက်လာတဲ့ ကားကို တစ်ခါမှ မမြင်ဘူးပါလား"

တစ်ယောက်တည်း အတွေးတွေ တစ်တန်းကြီးနှင့် ရှိနေစဉ် တောင်အကွေ့၌ ကွေ့၍ နွေဦးတို့ အိမ်ဘက် တက်လာသည့် အမိုးဖွင့် ဂျစ်ကားနီနီရဲရဲလေးကို မြင်တော့ အံ့ဩစွာ ရေရွတ်မိသည်။

နွေရာသီဖြစ်သဖြင့် စပါးခင်း ၊ ပြောင်းခင်းများ မရှိသေးဘဲ ကွင်းပြင် ထီးထီးကြီးမို့ မြင်ကွင်းက ရှင်းရှင်းလင်းလင်း ဖြစ်နေသည်။

ကားက တဖြည်းဖြည်း ပျိုးနှင့် နီးကပ်လာသဖြင့် ပျိုး ထိုင်နေရာမှ မ

တ်တတ်ထရပ်ပြီး ဖုန်ခါနေစဉ် ...

"ကျီ"

သူမဘေး၌ ကားလေးထိုးရပ်သွားလေသည် ။ ကားပေါ်၌ အရမ်းချောမောသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး အမျိုးသားသည် မျက်မှန်ကို ဆွဲချွတ်လိုက်သဖြင့် ...

"ဟင် ကိုလေး ... ကိုလေး ရန်ကုန်က ပြန်လာတာလား"

ကိုလေးက ရန်ကုန်မှာ ကျောင်းသွားတက်ခြင်းဖြစ်သည် ။ ကြည့်စမ်း ... ဒီမှာ ရှိတုန်းကနှင့် တခြားစီပါလား။

"တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ၊ နေကပူသေးလာ ... အိမ်ဘက်သွားမယ်"

ကိုလေးရဲ့ စကားသံ ထွက်ပေါ်လာမှ ပျိုး သတိရကာ ကိုလေးဘေး၌ ရှိသော အစ်မကြီးကို တစ်ချက်လောက် ကြည့်ပြီး ခေါင်းယမ်းပြကာ ...

"ပျိုး မလိုက်တော့ဘူး၊ ခဏနေ နွေဦး လာတော့မှာ "

"အိုကေ ... ဒါဆိုသွားပြီ"

လက်ပြသွားသည့် ကိုလေးကို ငေးရင်း သစ်ပင်အောက်၌ ခပ်ဖြည်းဖြည်းလေး ထိုင်ချလိုက်ကာ ကိုလေးသည် ယခုမှ မူယာ မာယာတွေ လုပ်တတ်နေပါလားဟု တွေးမိသည် ။

လွန်ခဲ့သော လေးနှစ်က ရန်ကုန်ကို မသွားချင်ဖြစ်နေသော ကိုလေးဟာ ဒီလိုမှ မဟုတ်တာ။ ရှပ်အင်္ကျီအကွက်လက်ပြတ်နှင့် ဂျင်းဘောင်းဘီကို လိမ်တင်ထားတတ်သည့် ကိုလေးက ရိုးသားမှုအပြည့်။ ယခု ကိုလေးသည် မင်းသားက အရှုံးပေးရလောက်အောင် ပြင်ဆင်ထားသလို ပြင်ဆ

င်မှုနှင့် လိုက်ဖက်စွာ ချောမောနေပြန်သည် ။

"ဟဲ့ ... ပျိုး ကိုလေးရောက်ပြီ"

"အင်း ... ငါတွေ့လိုက်တယ်"

"ကိုလေးနားမှာ ပါလာတဲ့ သူက သူ့ကောင်မလေးတဲ့ "

"ဘယ်လို"

စားလက်စ ကန်စွန်းဥက ပြုတ်ကျသွားသည် ။ ကိုလေးမှာ ရည်းစား ရှိနေပြီပေါ့။ ဒါဆို ပျိုးတို့ ကို အရင်လို ရင်းရင်းနှီးနှီး နေပါတော့မလား။

"ကိုကြီးပြောတာ ကြားရသလောက် ကိုလေးမှာ ဒီကောင်မလေးတင် မဟုတ်ဘူး ၊ နောက်ထပ် ရည်းစားတွေ အများကြီးရှိသေးတယ်တဲ့ "

"ဟင် ... ဒါဆို ကိုလေး အရမ်းပွေတာပေါ့ ဟုတ်လား"

"နင်ကလည်း ပွေတယ်လို့ မပြောစမ်းပါနဲ့ ယောကျာ်းကောင်းမောင်းမတစ်ထောင်တဲ့ ... ကိုကြီးပြောတာ ငါလည်း ကြားဖူးတာ ... အဟီး"

"ကောင်မစုတ် ... အချိုးကလည်း စပ်ဖြဲဖြဲနဲ့ သရဲချိုချဥ်ကျနေတာပဲ"

ဘာရယ်မသိ ကိုလေးကို နှမြောသလိုဖြစ်သွားကာ ပျိုး နွေးဦးကို မျက်စောင်းတစ်ချက်ထိုးကာ ထိုင်နေရာမှ ထပြီး ...

"တော်ပြီ ပြန်တာပဲကောင်းတယ်"

"ဟင် ... အိမ်ထဲတောင် မဝင်တော့ဘူးလား၊ နင်ပြောတော့ ကိုလေးရောက်ရောက်ခြင်း ငှက်ပျောအိမ်ဆောင်ခိုင်းမှာ ဆို၊ ဆိုင်ကယ်စီး သင်ခိုင်းမယ်ဆို၊ အခုတော့ နှုတ်မဆက်ဘဲ ဘယ်နှယ့်ဖြစ်ရတာလဲ"

ပျိုး နွေဦးရဲ့ အမေးကို မကြားယောင်ဆောင်ပြီး သူတို့ အိမ်ရှေ့၌ ရပ်

ထားသည့် စက်ဘီးဆီသို့ လျှောက်လာခဲ့သည် ။ ပျိုး စက်ဘီးဘေး၌ ဂျစ်ကားနီနီလေးကို တွေ့ရသည် ။

"အောင်မယ် ... အဲဒါပြန်တော့မလို့ လား၊ လာ ... လာ မရဘူး"

ကိုကြီးက အော်ကျယ်အော်ကျယ်လုပ်ကာ ပျိုးလက်ထဲက စက်ဘီးကို ဆွဲယူသွားကာ အတင်းအိမ်ထဲဝင်ခိုင်းနေသည် ။ နွေဦးက ....

"ကောင်းတယ် ... ကောင်းတယ်"

ဟု စ,နောက်နေလေသည် ။ ပျိုး ကိုကြီး၏ နောက်မှာ ယက်ကန်ယက်ကန်နှင့် ပါလာသည် ။

"အဲဒါကလည်း အန်တီ့သမီးလိုပါပဲကွယ်၊ ပျိုးလက်ာတဲ့ ၊ ဒါက အန်တီ့သမီး နွေဦးမောင်တဲ့ ၊ ဒါ သမီးတို့ ကိုလေးရဲ့ သူငယ်ချင်း ဝါသွေးခြယ်တဲ့ ... မှတ်ထားနော်"

နာမည်နှင့်လူနှင့် လိုက်ပါသည် ။ အသားလေးက ရွှေသွင်းထားသည့် အလား ဝင်းဝါနေသည် ။ စကားပြောသည့်အသံလေးကလည်း သာယာသည် ။ ကိုလေးက ရွေးတတ်လွန်းသည် ။

"ပျိုး ညနေမှ တစ်ခေါက်ထပ်လာပါတော့မယ် အန်တီ"

"အေး ... အေး ... မြတို့ ကိုပါ ခေါ်ခဲ့လေ၊ ကိုဦး ရောက်ကနေတယ်လို့ "

"ဟုတ်"

ပျိုး ခေါင်းညိတ်ပြီး နွေးဦး၏ အခန်းဘက်ဆီသို့ တက်လာခဲ့သည် ။ စာအုပ်ယူရန်ဖြစ်သည် ။ လှေကားပေါ်သို့ အပြေးလေးတက်လာခဲ့ချိန် ...

"ဒုန်း"

"အား"

လူတစ်ယောက်နှင့်အရှိန်ပြင်းစွာ တိုက်မိသွားလေသည် ။ ပျိုး ပစ်စလက်ခတ် လှေကားထစ်အတိုင်း လိမ့်ကျသွားမည်ထင်သော်လည်း ထင်သလိုဖြစ်မလာပါ။

"ကိုလေး"

"နမော်နမဲ့နိုင်ရမယ်ဆိုရင် နှစ်ယောက်မရှိဘူး ဘာတွေလောနေတာလဲ"

ကိုလေးသည် ဆုပ်ကိုင်ထားသည့် ပျိုးရဲ့ လက်မောင်းလေးကို လွှတ်ပေးပြီး အောက်သို့ ဆင်းသွားလေသည် ။

ပျိုးကတော့ မွှေးရနံ့သင်းသင်းနှင့် ရေမွှေးနံ့သည် ကိုယ်ပေါ်၌ စွဲထင်နေခဲ့သည် ဟု ပင် ထင်လိုက်သည် ။ နောက် ကိုလေး၏ ရင်ခွင်ထဲသို့ ပစ်စလက်ခတ်ရောက်သွားသည့်အဖြစ်။ အိုး ... ပျိုးရင်တွေ ခုန်နေပါလား။

ကြည့်စမ်း ... ပျိုးလက်ာရယ် နင်ဟာလေ မှန်းစရာရှားလို့ ကြံကြံဖန်ဖန် တစ်အိမ်လုံးမှာ အချောဆုံးလူကို စိတ်ကူးယဉ်ရသလား၊ ဟိုကဖြင့်ကြားရင် သတ်သေနေဦးမယ်။

သိစိတ်၌ ကိုယ့်ကိုယ်ကိုယ် အားတင်းထိန်းချုပ်နိုင်သော်လည်း အသိစိတ်၌ ငြိတွယ်မိခဲ့သောစိတ်ကိုမူ ပျိုး မည်းသို့မှ ဖြတ်တောက်၍ မရပါ။

***